**ကုရ်အာံ မိတ်ဆက်**

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် မှတ်တမ်းဖြင့် ခိုင်ခိုင်လုံလုံရှိခဲ့သော ကုရ်အာံကျမ်းတော်တွင်- လူမှုဗေဒ ဆိုင်ရာ ဥပဒေများ။ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်များ- လက်တွေ့သိပ္ပံဆိုင်ရာ နိယာမများကို ယုတ္တိဗေဒရှိစွာ ပြဌာန်း သွန်သင်ထားပေသည်၊

ဥပမာအားဖြင့်-

နေသည် သူ၏ ကိုယ်ပိုင်းအလင်းထုတ်လျှက်- လ-သူမသည် သူ့ထံမှ အလင်းကို ချေးငှားလျှက်---(၉၁း ၁-၂) ဆိုသည့် ဥပဒေသများ၊

မိုး၊ မြေ၊ နေ လ စကြာဝဠာသည် မူလတွင် တစ်ပေါင်း တည်း ရှိခဲ့ရာမှ ပေါက်ကွဲ ပြန့်ကား နေသည့် Big Bang Theory (၂၁း ၃၀၊ ၅၀၄၇)၊

ပျက်သုဉ်းမည့် ဂြိုလ်ကမ္ဘာ တစ်ခု၏ လက္ခဏာမှာ ချင်းချင်းနီသော နှင်းဆီနီ တစ်ပွင့်ကဲ့သို့ ဖြစ်သည် ဟူသည့် Red Rose Nepular သီဝရီ (၅၅း၃၇)

များအပြင်- ကမ္ဘာပြတ်ရွေ့မှု သီဝရီ။ သန္ဓေသား ဖြစ်တည်မှု နိယာမ- လူသားသည် လူ့ ဂုဏ်ရည် ပြည့်မှီစေရန် နေထိုင်ကျင့်ကြံနည်း ဥပဒေသ။ လူမှု တော်လှန်ရေး ဆင်နွဲရသည့် နိယာမ။ အတွေးအခေါ်ဟောင်းများအား စွန့်ပါယ်နိုင်သည့် အတတ် - များစွာတို့ကို ဂတ္တုတစ်အုပ်စာ မျှသာ ရှိသော ကုရ်အာံကျမ်းတော်၌ ဖေါ်ပြသွန်သင် ထားပါသည်။

အစွဲကင်းစွာ လေ့လာသူများ အဘို့ တန်ဘိုးမဖြတ် နိုင်သည့် ပညာရပ်များကို ရမည် သေချာပါသည်၊